# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်

**၈၃၃+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၈၃၃ ဦးထက်မနည်းရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။ အဆိုပါ ၈၃၃ ဦးအနက် အချက်အလက်သိရသူ အရေအတွက်မှာ ၇၆၁ ဦး ဖြစ်ပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၄ ရက် အတွင်း သေဆုံးခဲ့ရသူ ၇၈၈ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်–၂၆ ကိုရှု)** ရှိခဲ့ရာမှ ယခု ၈၃၃ ဦးကျော် ဖြစ်လာသည့်အတွက် **နှစ်ပတ်အတွင်း သေဆုံးသူ ၄၅ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။


AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။ စစ်ကောင်စီမှတ်တမ်းများအရ **ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အထိ** ဆန္ဒပြသူများဘက်တွင် သေဆုံးသူ ၂၅၁ ဦး ရှိခဲ့သည်ဟုဆိုသည်။ ထို့အတူ လုံခြုံရေး တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ပြီး၊ ဒလန်ဟုစွပ်စွဲခံရ၍ အသတ်ခံရမှုကြောင့် သေဆုံးသူ ၁၇ ဦး ရှိခဲ့သည်ဟု ထုတ်ပြန်ထားသည်။ မေ ၁၅ ရက်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၆၃ ဦး ရှိသည်ဟု စစ်ကောင်စီက ပြောဆိုခဲ့သည်။ ထိုကိန်းဂဏန်းများသည် အာဏာသိမ်းစစ်ကောင်စီ၏ ထုတ်ပြန်မှုသာဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

**ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း**




အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်း စစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# ISP-MYANMAR
www.ISPMyanmar.com


**WHAT MATTERS**

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

### သေဆုံးခဲ့ရသော အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၃၃ ဦးကျော်အနက် အသက် အတိအကျသိရှိရသူ ၆၀၈ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးရသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် အတိအကျမသိရသူ ၂၂၅ ဦး ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်

**၁၀၁+**


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၃၃ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၀၁ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၄ ရက်အတွင်း သေဆုံးခဲ့ရသူ ၇၈၈ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၉၆ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၆ ကိုရှု)** ရှိခဲ့သည်။ သေဆုံးရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၄၇ ဦး ရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူအရေအတွက်မှာ ယခုထက် ပိုမို များပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်းသိရှိရသူ ၅၈၆ ဦးအနက် ၁၇ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများဖြစ်သည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

### သေဆုံးခဲ့သော ကျား၊ မ အရေအတွက်





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၃၃ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၇၁၃ ဦးသည် အမျိုးသားများဖြစ်ပြီး ၄၈ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၇၂ ဦးမှာ အတိအကျ မသိရှိရသေးပေ။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၉)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၂၈ ရက်အထိ)

**သေဆုံးခဲ့ရသော ဒေသများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၃၃ ဦးကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။